စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၆ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၅) ရက်

| ၁၅-၉-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၉၉.၀ |
| စင်္ကာပူဒေါ်လာ | ၁၄၉၃.၃ |
| စတာလင်ပေါင် | ၂၄၁၇.၉ |
| ဂျပန်ယန်း (၁၀၀) | ၁၄၆၅.၇ |
| တရုတ်ယွမ် | ၃၀၀.၈၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၉ |
| အိန္ဒိယရူပီး | ၂၆.၃၅၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၄၂ |
| မလေးရှား ရင်းဂစ် | ၄၆၃.၀၇ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၆၆၁ |
| ထိုင်းဘတ် | ၅၇.၁၂၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၉၃၆ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ယူရိုဇုန် အတိုးနှုန်းထပ်မံတိုးမြှင့်
- အီးယူဒေသစီးပွားရေးနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အလားအလာ

## ယူရိုဇုန် အတိုးနှုန်းထပ်မံတိုးမြှင့်

European Central Bank (ECB) သည် ယူရိုဇုန်အတိုးနှုန်းကို ၀.၇၅ ပွိုင့်အထိ ၈.၉.၂၀၂၂ ရက်က တိုးမြှင့်လိုက်ပါသည်။ ယူရိုဇုန်ဒေသ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဇူလိုင်လတွင် ၈.၉ ရာခိုင်နှုန်းမှ ဩဂုတ်လတွင် ၉.၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီးနောက် ECB က အတိုးနှုန်း ထပ်မံမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုတိုးမြှင့်ခြင်းသည် ဇူလိုင်လအတွင်းက ၀.၅၀ ပွိုင့် တိုးမြှင့်ခဲ့ပြီးနောက်ပိုင်း ဒုတိယအကြိမ် တိုးမြှင့်ခြင်းဖြစ်ပါသည်။ ECB တွင် အဖွဲ့ဝင် (၂၅) ဦးရှိပြီး မူလရည်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်း ၂ ရာခိုင်နှုန်းထက် များစွာမြင့်မားနေခြင်းကြောင့် ဆက်လက်၍ အတိုးနှုန်းများကို တိုးမြှင့်ဘွယ်ရှိကြောင်း ECB က ထုတ်ပြန်ခဲ့ပါသည်။ ယခုတိုးမြှင့်လိုက်မှုအရ အပ်ငွေပေါ်အတိုးနှုန်း ၀.၇၅ ရာခိုင်နှုန်း ဖြစ်ပြီး ဘဏ်ချေးငွေပေါ်အတိုးနှုန်းမှာ ၁.၂၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ဈေးနှုန်းများမြင့်တက်မှုသည် စွမ်းအင်ဈေးနှုန်းများအပြင် စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဈေးနှုန်းများ အားလုံးမြင့်တက်လာမှုကြောင့် ဖြစ်ပါသည်။ ECB ၏ အတိုးနှုန်းတိုးမြှင့်မှုသည် အမေရိကန်နိုင်ငံနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများတွင် တိုးမြှင့်မှုထက် နောက်ကျနေလျှက်ရှိကြောင်း ဝေဖန်ပြောဆိုမှုများရှိနေပါသည်။

ECB နှင့် ကမ္ဘာ့အနောက်ခြမ်းနိုင်ငံများရှိဗဟိုဘဏ်များတွင် စီးပွားရေးတိုးတက်မှုရရှိရန်နှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်းပတ်ဝန်းကျင်တွင် ထိန်းထားစေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးအကြပ်အတည်းကာလပြီး နောက်ပိုင်းကာလများမှစတင်၍ အတိုးနှုန်းကို သုညရာခိုင်နှုန်းဝန်းကျင်တွင် ထားရှိခဲ့ကြရာ စီးပွားရေးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းများကို ထိခိုက်မှုမရှိစေဘဲ ဟန်ချက်ညီစွာဆောင်ရွက်နိုင်ခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေးအကြပ်အတည်း ကာလများအတွင်း ယခင်ကဲ့သို့ ထိန်းညှိနိုင်ခြင်းမရှိဘဲ အတိုးနှုန်းများမြှင့်တင်လာရသည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

ဂျာမန်ဖက်ဒရယ်ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က ပါလီမန်၌ မိမိတို့တွင် စီးပွားရေးအရ ကြီးမားသည့်စိန်ခေါ်မှုများနှင့်တွေ့ကြုံနေရသည့် အခြေအနေဖြစ်ကြောင်း၊ ဦးစွာ ငွေကြေးဖောင်းပွမှုနှုန်းကို လျော့ကျစေရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။ ECB President Ms.Christine Lagarde ကလည်း နောက်ထပ် အစည်းအဝေးများစွာပြုလုပ်၍ အတိုးနှုန်းမြှင့်တင်ရေးအတွက် ဆွေးနွေးသွားရန်ရှိကြောင်း၊ မူလရည်မှန်းထား သည့်ငွေကြေးဖောင်းပွမှုနှုန်းအတိုင်း ပြန်ရောက်ရန်လိုအပ်ကြောင်း၊ ယူရိုဇုန်ဒေသစီးပွားရေးမှာ ကျဆင်းလာနေပြီး ယခုနှစ်ကုန်ပိုင်းနှင့်၂၀၂၃ ခုနှစ်အစောပိုင်းကာလများတွင် ရပ်တန့်နေမည့် အလားအလာတွင်ရှိနေ

ကြောင်း ပြောဆိုခဲ့ပါသည်။ ယူရိုဇုန်စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၂၂ ခုနှစ်အတွက် ၃.၁ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၀.၉ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၁.၉ ရာခိုင်နှုန်း ခန့်မှန်းထားရှိပါသည်။

Source:https://www.dw.com/en/european-central-bank-hikes-interest-rates-by-75-basis-points/a-63056854

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

..............................................................................

## အီးယူဒေသစီးပွားရေးနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အလားအလာ

အီးယူဒေသသည် အရှေ့တောင်အာရှနိုင်ငံများ၏ အရေးပါသည့် ကုန်သွယ်မှုမိတ်ဘက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ အီးယူဒေသတွင် စီးပွားရေးတိုးတက်မှုနှေးကွေးမှုရှိလာခြင်းအပေါ် အရှေ့တောင်အာရှနိုင်ငံများက သတိကြီးစွာစောင့်ကြည့်နေကြသလို အခွင့်အရေးရရှိနိုင်မှုကိုလည်း လေ့လာနေကြပါသည်။ စွမ်းအင်ကဏ္ဍအကြပ်အတည်းများနှင့် မြင့်တက်လာနေသော ငွေကြေးဖောင်းပွမှုများက ယခုနှစ်ကုန်ပိုင်းတွင် ပိုမိုခက်ခဲမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ နေထိုင်မှုစရိတ်မြင့်တက်လာမှုများက စားသုံးမှုစရိတ်များကို လျော့ကျလာစေနိုင်ကြောင်း ခန့်မှန်းထားရှိကြပါသည်။

Bloomberg economist ဖြစ်သူ Ms.Tamara Henderson က အီးယူဒေသ၏ စီးပွားရေးကျဆင်းလာမှုက အရှေ့တောင်အာရှနိုင်ငံများ၏ ပို့ကုန်၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာသက်ရောက်မှုရှိစေနိုင်ကြောင်း၊ နှစ်စဉ်စီးပွားရေး တိုးတက်မှုများ နှေးကွေးလာနိုင်ဘွယ်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် စီးပွားရေးကဏ္ဍ ပြန်လည်ဖွင့်လှစ်ခြင်းများကို တစ်ဖြည်းဖြည်းပြန်လည်ပြုလုပ်လာနေပြီး အီးယူဒေသစီးပွားရေး အကြပ်အတည်းများမှ ပို့ကုန်များပိုမိုတိုးမြှင့်တင်ပို့ခြင်းဖြင့် အခွင့်အလမ်းများ ရယူနိုင်မည့်အလားအလာတွင် ရှိနေကြောင်း ပြောဆိုခဲ့ပါသည်။

အီးယူဘက်မှ စာရင်းအင်းအချက်အလက်များအရ အာဆီယံနိုင်ငံများက အီးယူနိုင်ငံများသို့ တင်ပို့မှုသည် ၂၀၂၀ ခုနှစ်တွင် ယူရို (၁၂၀) ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် ယူရို (၁၃၆) ဘီလီယံခန့်ရှိခဲ့ပါသည်။ အာဆီယံဘက်မှ စာရင်းအင်းအချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ (၁၅) ရာခိုင်နှုန်းရှိပါသည်။ ခရီးသွားကဏ္ဍတွင်မူ အီးယူနိုင်ငံများက အာဆီယံဒေသသို့ လာရောက်မှုသည် စုစုပေါင်းခရီးသွားဝင်ရောက်မှု၏ ၅ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ပိုမိုလာရောက်နိုင်ဘွယ်ရှိ

ကြောင်း ခန့်မှန်းထားရှိပါသည်။ အာဆီယံနိုင်ငံများမှ အီးယူသို့ပို့ကုန်သည် ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်ပို့ကုန်၏ ၁၁ ရာခိုင်နှုန်း၊ မလေးရှားပို့ကုန်၏ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ပို့ကုန်၏ ၂၀ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။ ဗီယက်နမ်ပို့ကုန်သည် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ယခင်နှစ်ကာလတူထက် ၄၅ ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စာရင်းအင်းအချက်အလက်များကထုတ်ပြန်ခဲ့ပါသည်။ အာဆီယံနိုင်ငံများက အီးယူမှတင်သွင်းမှုသည် ၂၀၂၁ ခုနှစ်အတွင်း ယူရို(၈၀) ဘီလီယံခန့်ရှိခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့ဂျီဒီပီ တိုးတက်မှုနှုန်းကို မူလခန့်မှန်းထားသည့် ၃.၆ ရာခိုင်နှုန်းမှ ၃.၂ ရာခိုင်နှုန်းသို့ ပြောင်းလဲခန့်မှန်းထားပြီး၂၀၂၃ ခုနှစ်အတွက် ၂.၉ ရာခိုင်နှုန်း ခန့်မှန်းထားရှိပါသည်။ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ADB) ကလည်း အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၂၀၂၂ ခုနှစ်အတွက် မူလ (၅.၂) ရာခိုင်နှုန်းမှ (၄.၆) ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွက် မူလ (၅.၃) ရာခိုင်နှုန်း မှ (၅.၂) ရာခိုင်နှုန်းသို့လည်းကောင်း လျော့နဲခန့်မှန်းထားရှိပါသည်။

Source: https://www.dw.com/en/eu-recession-fears-spark-concern-in-southeast-asia/a-63072169

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

………………………………………………………………………………………………